# World Human Rights Day (ကမ္ဘာ့လူ့အခွင့်အရေးနေ့)

၁။ ဒီဇင်ဘာလ ၁၀ ရက်နေ့သည် ကမ္ဘာ့လူ့အခွင့်အရေးနေ့ ဖြစ်ပါသည်။ အမျိုးသမီးများ အပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ လျော့ပါးပပျောက်စေရန် ရည်ရွယ်၍ ယေဘုယျအားဖြင့် နှစ်စဉ် နိုဝင်ဘာလ (၂၅) ရက်နေ့မှ ဒီဇင်ဘာလ (၁၀) ရက်နေ့အထိ ကျင်းပလေ့ရှိသည့် ၁၆ ရက်တာ လှုပ်ရှားမှုဟု လူသိများသည့် 16 days of Activism Against Gender Violence လှုပ်ရှားမှု၏ နောက်ဆုံးအထိမ်းအမှတ်နေ့ရက်လည်း ဖြစ်ပါသည်။

၂။ လူ့အခွင့်အရေးဆိုသည့် အတွေးအခေါ်သည် ဒုတိယကမ္ဘာစစ်ပြီးမှ ပိုမိုခိုင်မာစွာ ပေါ်ပေါက်လာခြင်းဖြစ်သည်။ နာဇီဂျာမဏီများ၏ ဂျူးလူမျိုး ၆ သန်းကျော်ကို သတ်ဖြတ်မှု၊ လိင်တူချစ်သူတွေ မသန်စွမ်းသူများကို သတ်ဖြတ်မှု များက ကမ္ဘာကြီးကို တုန်လှုပ်ချောက်ချားမှုများ ဖြစ်ပေါ်စေခဲ့ပါသည်။ နောင်အခါမှာ ယင်းကဲ့သို့ အကြမ်းဖက်မှု များ ထပ်မံမပေါ်ပေါက်စေရန် ရည်ရွယ်၍ ကမ္ဘာ့ကုလသမဂ္ဂက ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့မှာ အပြည် ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကို ထုတ်ပြန်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံပေါင်း ၅၆ နိုင်ငံက အပြည် ပြည် ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကို လက်ခံခဲ့ကြပါသည်။ ယခုအခါတွင်မူ လူ့အခွင့်အရေး ကြေညာ စာတမ်း ပါ အခြေခံစည်းမျဉ်းများကို ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၈၅ နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေ စည်း မျဉ်းများမှာ ထည့်သွင်းလာပြီဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံသည်လည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ လူ့အခွင့်အရေးကြေညာစာတမ်းကို လေးစားလိုက်နာရပါသည်။ သို့သော် အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းပြီးသည့် ၂၀၂၁ ခုနှစ်မှ စတင်ပြီး မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများ လုံးဝ ဆိတ်သုဉ်းခဲ့ရပြီး အာဏာသိမ်း စစ်တပ်သည် ပြည်သူလူထုကို ဖမ်းဆီးမှုများ၊ သတ်ဖြတ်မှုများ၊ ကျေးရွာများ မီးရှို့ဖျက်ဆီးခြင်း၊ လေယာဉ်ဖြင့် စာသင်ကျောင်းများ၊ ဘုန်းကြီး ကျောင်းများကို ဗုံးကြဲခြင်းများ၊ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခြင်းများ စသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဆက်တိုက်ကျူးလွန်လျက်ရှိပါသည်။

၄။ စစ်အာဏာသိမ်းပြီး သည့် အချိန်မှစပြီး လူ့အခွင့်အရေး လှုပ်ရှားသူများစွာသည် အကြမ်းဖက် စစ်ကောင်စီ၏ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ထောင်ချခြင်းများ၊ အကြမ်းဖက်နှိပ်စက်မှုများကို ခံစားနေကြရသည်။ စစ်အာဏာ ရှင်စနစ် ချုပ်ငြိမ်း မှသာ လူ့အခွင့်အရေးလှုပ်ရှားမှုများ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်မှာ ဖြစ်ပါသည်။ ထို့ကြောင့် လူ့အခွင့်အရေးများ ထွန်းကားစေရန်အတွက် အဓိက အခြေခံ အုတ်မြစ်မှာ စစ်အာဏာရှင်ကို အမြစ်ပြတ် တွန်းလှန်ရန်ပင် ဖြစ်ပါသည်။

၅။ ယမန်နှစ် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးနေ့တွင်လည်း "ဆိတ်သုဉ်းနေသော လူ့အခွင့်အရေးကို တော်လှန် ရေးနှင့် သိမ်းပိုက်ကြ" ၊ "ငါတို့လမ်း ငါတို့ပိုင်တယ်၊ ငါတို့ငြိမ်ချင်ငြိမ်မယ်၊ ငါတို့ လှုပ်ချင် လှုပ် မယ်၊ လုံးဝ အုပ်ချုပ် ခွင့်မရစေရ" စသည့် ဆောင်ပုဒ်များဖြင့် ကြွေးကြော်ကာ ပြည်သူများ၏ ဆန္ဒကို

ဖော်ထုတ်ပြသခဲ့ကြပါသည်။ ယခုနှစ်တွင်လည်း စစ်အာဏာရှင်အား တွန်းလှန်၊ တော်လှန်ရင်း လူ့အခွင့်အရေးအတွက် ဆက်လက်တိုက်ပွဲဝင် ကြဖို့ တိုက်တွန်းလိုက်ရပါသည်။